# ၄။ ရတနသုတ်(အနှစ်ချုပ်)မှတ်စု

<u>အပိုင်း(၁)</u>

**ပရိတ်(ပရိတ္တ)** = (၁) မမြင်ရသော ဘေးရန် အန္တရာယ်များ မကျရောက်စေရေးအတွက် **အကာအကွယ်ပြုသည့်အနေဖြင့်** ရွတ်ဖတ် သရဇ္ဈာယ် နှလုံးသွင်းစေရန်၊ အရံအတားဖြစ်စေရန်- ဟောကြားထားသော ထူးခြားသည့် သုတ္တန်များ၊ (ပရိတ်ကြီး ၁၁-သုတ်)

(၂) အန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းအစစ်အမှန်အဖြစ် ဟောကြားထားသော အရံအတား၊ အကာအကွယ်တရားတော်များ။

**အန္တရာယ်(အန္တရာယ)** = ကောင်းကျိုးချမ်းသာများ ဖြစ်ပေါ်နေသည့်အချိန်တွင် ဝင်ရောက်နှောင့်ယှက်ပြီး ဆင်းရဲဒုက္ခများကို ပေးတတ်သော အကုသိုလ်အကြောင်းတရား။ (ကြားဖြတ်ဝင်ရောက်လာသည့် အဖျက်အဆီး။)

**အန္တရာယ်ကင်းစေရန် ပရိတ်တရားတော်ဖြင့် ဆောင်ရွက်ရမည့်အချက်**

ကြုံလာမည့် အန္တရာယ်ကို ကာကွယ်ပြီးဖြစ်စေရန်-

(၁) ပရိတ်တရားတော်များကို **ရွတ်ဖတ် သရဇ္ဈာယ်ခြင်း**၊

(၂) ပရိတ်တရားတော်များ၌ **ဟောကြားထားသည့်အတိုင်း လိုက်နာကျင့်သုံးခြင်း**တို့ဖြင့် အန္တရာယ်ကင်းမှုကို ရရှိစေနိုင်ပါသည်။

**ပရိတ်တရားတော်များ၌ အန္တရာယ်ကာကွယ်နိုင်စေသော အဓိက ညွှန်ကြား ထားချက်**

(၁) မေတ္တာပွားခြင်း၊

(၂) သစ္စာစကားကို ဆိုခြင်း၊

(၃) ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို အာရုံပြုခြင်းတို့ဖြင့် အန္တရာယ် ကင်းစေရန် အရံအတားအဖြစ် ကာကွယ်ပြုလုပ်နိုင်သည်။

ဤတွင်-

ပရိတ်တရားတော်များ၌- **အန္တရာယ်ကင်းဝေးစေရန် "မေတ္တာတရားနှင့် သစ္စာစကား"**ကို အဓိကအနေဖြင့် နည်းစနစ်ပေး ဟောကြားထားပါသည်။

(၁) **မေတ္တသုတ်တော်၌** - မေတ္တာကို အခြေပြု၍ အန္တရာယ်ကင်းစေတတ်သည့် နည်းစနစ်ကို ပေးထားသည်။
(အပြင်ရန်၊ အတွင်းရန်)

(၂) **ခန္ဓသုတ်တော်၌** - မြွေဆိုးနှင့် အဆိပ်အတောက်ရှိသော သတ္တဝါများ၏ အန္တရာယ်များမှ ကင်းဝေးစေရန် မေတ္တာပွားနည်း များကို အထူး ဟောကြားထားသည်။
(အပြင်ရန်၊ အတွင်းရန်/ဘုရား၊ တရား၊ သံဃာ့ဂုဏ်)

⁜ (၁) မေတ္တာနှင့်ဆိုင်သော ပရိတ်တရားတော်များကို ရွတ်ဖတ်ပြီး အမြဲတမ်း နှလုံးသွင်းခြင်း၊

(၂) မေတ္တာဘာဝနာ ပွားများခြင်းတို့ကို ပြုလျှင်-
အဆိပ်ပြင်းထန်းသော သတ္တဝါတို့၏ အန္တရာယ်ကြောင့် အသက် အန္တရာယ် မဖြစ်နိုင်ဟု ဘုရားရှင် ဟောကြားထားသည်။

(၃) **ရတနသုတ်တော်၌မူ**- ဘုရား၊ တရား၊ သံဃာဂုဏ်များကို အာရုံပြု၍ သစ္စာစကားဆိုခြင်း၊ သတ္တဝါအများကို မေတ္တာပွားခြင်းတို့ဖြင့် အန္တရာယ်ကင်းစေရန် ဟောကြားထားပါသည်။

⁜ သစ္စာဆိုခြင်းဖြင့် -

(၁) မဖြစ်ပေါ်သေးသော အန္တရာယ်များကို ကြိုတင် ကာကွယ် တားဆီးနိုင်ခြင်း၊

(၂) ဖြစ်ပေါ်ကျရောက်ပြီးဖြစ်သော အန္တရာယ်များကိုလည်း ပယ်ဖျောက် ဖျက်ဆီးနိုင်သည်။

# ရတနသုတ် နောက်ခံသမိုင်းကြောင်း(နိဒါန်း)

## [ဝေသာလီပြည်၊ ဝဇ္ဇီတိုင်း၊ လိစ္ဆဝီမင်း]

ဘုရားရှင်လက်ထက်တော်အခါ၌ အလွန်စည်ကားခဲ့သော ဝေသာလီပြည်ကြီး၌ ဂဏရာဇာစနစ်အရ- လိစ္ဆဝီမင်းပေါင်း(၇၇၀၇)ယောက် စုပေါင်း အုပ်ချုပ်ကြသည်။ **အပရိဟာနိယတရား ၇-ပါး**နှင့်အညီ အလွန် စည်းလုံးညီညွတ်ကြသည်။

**အပရိဟာနိယတရား ၇-ပါး (မဆုတ်ယုတ်ကြောင်းတရား)**
**(ဝေသာလီပြည် လိစ္ဆဝီမင်းတို့ကို အကြောင်းပြုဟောကြား)**

* (၁) အမြဲမပြတ် အစည်းအဝေး ပြုလုပ်ခြင်း၊
* (၂) ညီညီညွတ်ညွတ် စည်းဝေးခြင်း၊
* (၃) ညီညီညွတ်ညွတ် ဆုံးဖြတ်ခြင်း၊
* (၄) ညီညီညွတ်ညွတ် အကောင်အထည်ဖော်ခြင်း၊
(၅) အသက်ကြီးသော လိစ္ဆဝီမင်းတို့ကို ရိုသေလေးမြတ်ခြင်း၊ ဆုံးမစကားလိုက်နာခြင်း၊
(၆) အမျိုးသမီးကြီးငယ်တို့ကို နိုင်ထက်ကလူ ဆွဲယူ အိမ်ထောင်မပြုခြင်း၊
(၇) မလာသေးသော ရဟန္တာတို့ ကြွလာစေခြင်းငှာ ကြွပြီးနောက် ချမ်းသာစွာ နေစေခြင်းငှာ စောင့်ရှောက်ပြုစုခြင်း-ဟူသော

အပရိဟာနိယတရားတို့တွင် ညီညွတ်ရေးနှင့်ပတ်သက်ပြီး ပိုမိုအဓိကကျသော * အချက်များအတိုင်း သန္ထာဂါရ-ဟု အမည်ရသော လွှတ်တော်အစည်းအဝေးခန်းမကြီး၌ အစည်းအဝေးထိုင်ကြပြီး တိုင်းရေး၊ ပြည်ရေး၊ စီးပွားရေးကိစ္စ၏များကို ဆောင်ရွက်ကြသည်။ ဤသို့ စည်းလုံး ညီညွတ်စွာ ဆောင်ရွက် အုပ်ချုပ်မှုများကြောင့် တိုင်းပြည်သည် အလွန်စည်ကားပြီး ကြီးပွား တိုးတက်လာသည်။

**ဘေးဆိုး(၃)မျိုး ကြုံရခြင်း**

မိုးအကြီးအကျယ်ခေါင်သော ရာသီဥတုနှင့် တွေ့ကြုံရ၍ ဆန်ရေစပါးများ စိုက်ပျိုးမရ၍-

(၁) စားနပ်ရိက္ခာ မပြည့်စုံ၊ ရှားပါးပြီး အစာအာဟာရ ငတ်မွတ်ခေါင်းပါးခြင်း- **ဒုဗ္ဘိက္ခဘေး**။ (**ဒု**- မပြည့်စုံ၊ ရှားပါး၊ ငတ်မွတ်ခေါင်းပါးခြင်း)
(**ဘိက္ခ**- စားနပ်ရိက္ခာ၊ အစာအာဟာရ)

(၂) အစာငတ်မွတ်မှုကြောင့် မြွေဆိပ်လို ပြင်းထန်ပြီး၊ လေလို လျင်မြန်စွာ ကူးစက်တတ်၍ သေကြေပျက်စီးမှုများသော- **အဟိဝါတရောဂါဘေး**။

(၃) လူသေများခြင်းကို အကြောင်းပြု၍ မကောင်းဆိုးဝါး ဘီလူး၊ သရဲ၊ နတ်ဆိုးများ ဝင်ရောက်နှိပ်စက်ခြင်း **အမနုဿဘေး**-ဟူသော ဘေးဆိုးကြီး ၃-မျိုး ကြုံတွေ့လာကြသည်။

**ကပ်ကြီး ၃-ပါး**

**ကပ်(ကပ္ပ)** = ကာလအပိုင်းအခြား၊ ကမ္ဘာ(အာယုကပ်)

**အန္တရ** = အကြားဖြစ်သော

**အန္တရကပ်** = အကြားဖြစ်သော ကာလအပိုင်းအခြား၊
(အချိန်အတိုင်းအတာ၊ အပိုင်းအခြားကြီး)

(၁) **ဒုဗ္ဘိက္ခန္တရကပ်** = မိုးခေါင်ရေရှား၍ စားနပ်ရိက္ခာများ ရှားပါးပြီး၊ အစာအာဟာရ ငတ်မွတ်ခေါင်းပါးသော ဘေးဆိုးကြီး ကြုံနေရသည့် ကာလအပိုင်းအခြားကြီးတစ်ခု။

(၂) **ရောဂန္တရကပ်** = သေကြေပျက်စီးနိုင်သော ရောဂါဝေဒနာဘေးဆိုးများ ဖြစ်၍ ကူးစက်ပြန့်ပွားသော အချိန်ကာလအပိုင်းအခြားကြီးတစ်ခု။

(၃) **အမနုဿသန္တရကပ်** = ဘီလူး၊ သရဲ၊ နတ်ဆိုးစသည့် မကောင်းဆိုးဝါးများ ပူးဝင် နှိပ်စက်သော အချိန်ကာလအပိုင်းအခြားကြီး တစ်ခု။

**ထင်ရှားသော ဘာသာရေးခေါင်းဆောင်ကြီး ၇-ဦး (ကိုးကွယ်ရာဘာသာ ၇-မျိုး)**

(၁) မြတ်စွာဘုရားရှင် - ကို ပင့်ဖိတ်ရန် သဘောတူ၊

(၂) ပူရဏကဿပ
(၃) မက္ခလိ ဂေါသာလ
(၄) နိဂဏ္ဍ နာဋ္ဌပုတ္တ
(၅) သဉ္စယ ဗေလဋ္ဌပုတ္တ
(၆) ပကုဓ ကစ္စာယန
(၇) အဇိတ ကေသကမ္ဗလ

} တိတ္ထိဆရာကြီး ၆-ယောက်

မဂဓတိုင်းအုပ်ချုပ်
↓
**မြတ်စွာဘုရားရှင် သီတင်းသုံးရာဒေသ** = ရာဇဂြိုဟ်ပြည် (ဗိမ္ဗိသာရမင်းကြီး)

**ဘုရားရှင်ကို လာရောက်ပင့်ဖိတ်သူ** = မဟာလိ လိစ္ဆဝီမင်း + ပုရောဟိတ် ပုဏ္ဏား

**ခရီးအကွာအဝေး** = (၁) ရာဇဂြိုဟ်ပြည်မှ ဂင်္ဂါမြစ်ကမ်း = ၅-ယူဇနာ
(၂) ဂင်္ဂါမြစ် = ၁-ယူဇနာ
(၃) ဂင်္ဂါမြစ်မှ ဝေသာလီပြည် = ၃-ယူဇနာ

**ဝေသာလီပြည်** = မြို့တည်စတွင် တံတိုင်း တစ်ထပ် ကာရံထားသော်လည်း၊ လူဦးရေ များပြားလာ၍ မြို့သစ်များ ဖော်ပြီး သုံးကြိမ် တိုင်တိုင် ထပ်ချဲ့ရသဖြင့် **တံတိုင်း ၃-ထပ်ကာရံ** ထား ရသည်။

**ဘုရားအမှူးရှိသော သံဃာ(၅၀၀) ဂင်္ဂါမြစ်ကမ်းပေါ်တက်သည်နှင့် တစ်ပြိုင်နက်-**

(၁) မိုးအကြီးအကျယ်ရွာ၊ တိုင်းပြည်တစ်ခွင်လုံး သန့်ရှင်းသွား၊

(၂) ဘုရားရှင်ထံ ဘုန်းတန်ခိုးကြီးသော နတ်များ ချဉ်းကပ်လာ၍- အန္တရာယ်ပေးတတ်သော ဘီလူး၊ သရဲ၊ နတ်ဆိုးများ ရှောင်တိမ်း ထွက်ပြေးသွားကြရ။

**ရတနသုတ်တော် ရှင်အာနန္ဒာအား သင်ကြားပေး**

တံတိုင်း ၃-ထပ် တစ်ထပ်ပြီး တစ်ထပ်၊ ညဥ့် ၃-ယာမ်ပတ်လုံး ရွတ်ဖတ်စေ၊ ပရိတ်ရေပက်ဖျန်း၊ ချောင်ကြို ချောင်ကြားများ၌ ကပ်နေသော မကောင်းဆိုးဝါးများ ထွက်ပြေးရ။

ထို့ကြောင့်-(၁) အမနုဿန္တရကပ်ပျောက်၊
(၂) ရောဂန္တရကပ်ပျောက်၊
(၃) ဒုဗ္ဘိက္ခန္တရကပ်ပျောက် (မိုးရွာချ၊ ရာသီဥတုကောင်း)

ဘေးအန္တရာယ် ကပ်ဆိုးကြီး ၃-ပါး အတိုင်းအတာတစ်ခုထိ ပျောက်ကင်းသွား။

**အဋ္ဌကထာဆရာတော်ကြီးများ ညွှန်ကြားချက် ပါဠိ** (စုဏ္ဏိယ = စကားပြေ) ပရိတ်မရွတ်ခင်

(၁) **ဒီပင်္ကရာမြတ်စွာဘုရားထံ ဘုရားဆုပန်သည်မှစ၍-** ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ
(သမတ္တိံသ ပါရမိယော)

(၂) **ပါရမီအပြား (၃၀)** - ဒသပါရမိယော၊ ဒသဥပပါရမိယော၊ ဒသပရမတ္ထပါရမိယောတိ။

**စွန့်ခြင်းကြီး (၅)ပါး** - ပဉ္စမဟာပရိစ္စာဂေ။

**စရိယ (၃)ပါး** - လောကတ္ထစရိယံ၊ ဉာတတ္ထစရိယံ၊ ဗုဒ္ဓတ္ထစရိယံတိ။

(၃) **ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌** - ပစ္ဆိမဘဝေ
မိခင်ဝမ်း၌ ပဋိသန္ဓေနေခြင်း - ဂဗ္ဘဝေါက္ကန္တိ
ဖွားမြင်ခြင်း - ဇာတိ
တောထွက်ခြင်း - အဘိနိက္ခမနံ
ဒုက္ကရစရိယကျင့်ခြင်း - ပဓာနစရိယံ
အပရာဇိတပလ္လင်၌ မာရ် ၅-ပါးအောင်မြင် - ဗောဓိပလ္လင်္ကေ မာရဝိဇယံ
ထူးခြားသော သဗ္ဗညုတဉာဏ်တော်ကြီးရ
ဘုရားအဖြစ်သို့ ရရှိပုံ - သဗ္ဗညုတညာဏပ္ပဋိဝေဓံ
တရားဦး ဓမ္မစကြာဟောပုံ - ဓမ္မစက္ကပ္ပဝတ္တနံ
ကိုးပါးသော လောကုတ္တရာတရား - နဝ လောကုတ္တရ ဓမ္မေတိ
**ဤဗုဒ္ဓဂုဏ်အလုံးစုံတို့ကို ဆင်ခြင်တော်မူပြီးလျှင်** - သဗ္ဗေပိ မေ ဗုဒ္ဓ ဂုဏေ အာဝဇ္ဇေတွာ
ဝေသာလီပြည် တံတိုင်း ၃-ထပ်အကြား၌ - ဝေသာလိယာ တီသုပါကာရန္တရေသု
ညဉ့်သုံးယာမ်ပတ်လုံး - တိယာမ ရတ္တိံ
ပရိတ်အရံအတားကို ပြုတော်မူသော - ပရိတ္တံ ကရောန္တော
အရှင်အာနန္ဒာမထေရ်ကဲ့သို့ - အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကရုဏာစိတ်ကို ဖြစ်ကြစေကုန်၍ - ကရုညစိတ္တံ ဉပဋ္ဌပေတွာ။

# ရတနသုတ်အမွှန်း ဂါထာ – ၂–ပုဒ်

## ရတနသုတ်ပရိတ်တရားတော်၏ တန်ခိုးအာဏာ(စွမ်းရည်သတ္တိ)ပျံ့နှံ့ရာဌာန

စကြာဝဠာကုဋေတစ်သိန်း = ကောဋိသတသဟဿေသု စက္ကဝါဠေသု

[အာဏာခေတ်တစ်ခွင်လုံးနှင့် အတူတူ = အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ]

ရတနသုတ်ပူဇော် ရွတ်ဖတ်လိုက်လျှင် စကြာဝဠာကုဋေတစ်သိန်းမှာ ရှိသော နတ်ပြဟ္မာများ ခံယူကြည်ညိုနိုင်ကြသည့်အတွက် စကြာဝဠာကုဋေတစ်သိန်းအတွင်း အန္တရာယ်များ ကင်းနိုင်သည်။

---

**စာပေကျမ်းဂန်လာ သစ္စာ ၆-မျိုး**

(၁) ဝစီသစ္စာ = ဝါစာသစ္စာ

= နှုတ်မှ မှန်သော စကားကိုသာ ပြောဆိုခြင်း၊

[အလွန် စွမ်းရည်သတ္တိထက်သည်၊ ရှေးအခါက–

(၁) သစ္စာဆို၍ မြစ်များကို ဖြတ်ကူးခဲ့ခြင်း၊ (မဟာကပ္ပိနဝတ္ထု)

(၂) အဆိပ်သင့်နေသည်ကို ပြေပျောက်အောင် ပြုနိုင်ခဲ့ခြင်း၊ (ကဏှဒီပါယနဇာတ်– ရသေ့ကြီး၊ သူကြွယ် ဇနီးမောင်နှံ၊ သားငယ်)

(၃) လောကမှာ သစ္စာတရားရှိနေသောအခါ– နွယ်မြက် သစ်ပင်များပင် ဆေးဘက်ဝင်ခြင်း ကြောင့် မှန်ကန်သော သစ္စာစကားသည် အလွန် အစွမ်း တန်ခိုးရှိသည်။]

(၂) ဝိရတီသစ္စာ = လိမ်ညာပြောဆိုမှုမှ ရှောင်ကြဉ်၍ မှန်သောစကား ပြောဆိုခြင်း။

(၃) ဒိဋ္ဌိသစ္စာ = "ဣဒမေဝ သစ္စံ မောဃမညံ" မိမိအယူအဆသည်သာ အမှန်၊ အခြား အယူအဆများ မမှန်ဟု အယူအဆ၊ အမြင်နှင့် ပတ်သက်၍ အမှန် ယူဆမှု၊

(၄) ဗြဟ္မဏသစ္စာ = ဗြဟ္မဏများမှ အမှန်ဟု ထုတ်ဖော် ပြောဆိုထားသော အချက်များ၊

(၅) ပရမတ္ထသစ္စာ = လုံးဝအမှားအယွင်း မရှိသော အမှန်တရား၊ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်)

(၆) အရိယသစ္စာ = အရိယာသူတော်စင်များသာ သိမြင်သော အမှန်တရား၊ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)

**မြတ်စွာဘုရား အန္တရာယ်ကင်းအောင် ရတနသုတ်၌ စီမံပေးသော သစ္စာ**

ဘုရား၊ တရား၊ သံဃာ့ဂုဏ်များ၏ မှန်ကန်သော ဂုဏ်ရည်များကို အာရုံပြု၍ သစ္စာစကားဆိုရခြင်း (ဝစီသစ္စာ)

**ရတနသုတ်၌ ပါဝင်သော ဂါထာများ**

| | | |
|---|---|---|
| (၁) နတ်များကို တိုက်တွန်းသော ဂါထာ | = | ၂-ပုဒ် |
| (၂) ဘုရားဂုဏ်နှင့် ပတ်သက်ပြီး ဆိုသော သစ္စာဂါထာ | = | ၃-ပုဒ် |
| (၃) တရားဂုဏ်နှင့် ပတ်သက်ပြီး ဆိုသော သစ္စာဂါထာ | = | ၂-ပုဒ် |
| (၄) သံဃာ့ဂုဏ်နှင့် ပတ်သက်ပြီး ဆိုသော သစ္စာဂါထာ | = | ၈-ပုဒ် |
| စုစုပေါင်း ဂါထာ | = | ၁၅-ပုဒ် |

[အဋ္ဌကထာဆရာများအဆို = ပထမဂါထာ ၅-ပုဒ်ကိုသာ ဘုရားရှင်ဟော ကျန် ဂါထာများ ရှင်အာနန္ဒာ ဖြည့်စွက်။]

(၅) သိကြားမင်း ရတနာသုံးပါးကို ရှိခိုးရင်း မေတ္တာပို့ဂါထာ = ၃-ပုဒ်

**ဘုရားရှင်နှုတ်တော်ထွက် နတ်များကို တိုက်တွန်းသော ဂါထာ(၂-ပုဒ်)**

(၁) ယာနီဓ ဘူတာနိ သမာဂတာနိ၊
**ဘုမ္မာနိ** ဝါ ယာနိ ဝ **အန္တလိက္ခေ**။
ဤအရပ်၌ စည်းဝေးရောက်လာကြကုန်သော **မြေ၌ဖြစ်သော** နတ်များ၊
**ကောင်းကင်၌ဖြစ်သော** နတ်များ-

သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
နတ်များအားလုံးတို့သည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြကုန်လော့။

အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။
ထို့အပြင် ငါဘုရား တရားတော်ကို ရိုသေစွာ နာယူကြကုန်လော့။

(၂) တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
နတ်အများတို့ - ငါဘုရား တရားနာရန် တိုက်တွန်းခဲ့သည်ဖြစ်၍ သင်တို့ နားစိုက်ကြကုန်လော့၊
သင်တို့အားလုံး - လူသားများအပေါ် မေတ္တာထားကြကုန်လော့။

ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ ။
လူတို့သည် နေ့ရောညဉ့်ပါ ပူဇော်ဖွယ်ရာကို ပို့ဆောင် ပူဇော်ကြသောကြောင့်
ထိုလူများကို သင်တို့ မမေ့ကြဘဲ စောင့်ရှောက်ကြလေ။

# ရတနသုတ်

## ရတနာ(ရတန)အဓိပ္ပာယ် - ၅ ချက် (လောကီရတနာ၏ အဓိပ္ပာယ်)

စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တ ပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။

(၁) စိတ္တီကတံ - စိတ်၌ စွဲကပ် လေးစားမြတ်နိုးအပ်၏။

(၂) မဟဂ္ဃဉ္စ - အဖိုးများစွာလည်း ထိုက်တန်၏။

(၃) အတုလံ - နှိုင်းယှဉ် တန်ဘိုးဖြတ်ဖို့ မဖြစ်နိုင်လောက်အောင် (အတုမဲ့) တူသောအရာလည်း မရှိ။

(၄) ဒုလ္လဘ ဒဿနံ - တွေ့မြင်ဖို့ရာ ခဲယဉ်းသောအရာလည်း ဖြစ်၏။

(၅) အနောမသတ္တ ပရိဘောဂံ - သူမြတ်တို့သာ သုံးဆောင်ရာလည်း ဖြစ်၏။

**[ဆောင်။ ။ လေးစားမြတ်နိုး၊ အဖိုးထိုက်တန်၊ တုမဲ့ဟန်နှင့်၊ မြင်ရန်ခဲလတ်၊ သူမြတ်တို့သာ၊ သုံးဆောင်ရာ၊ ရတနာအနက်ငါး။]**

**သစ္စာဆိုရာ၌ ပြုလုပ်ရမည့်အချက် = ၂-ချက်**

(၁) မှန်သည်ကိုသာ ပြောဆိုခြင်း၊

(၂) ပြောပြီးသည့်အခါ မိမိလိုချင်သော ဆန္ဒကို ထုတ်ဖော်ခြင်း၊

ထိုအခါ -

သစ္စာစကားသည် မန္တာန်နှင့် အလားတူသည်၊ အစွမ်းတန်ခိုးရှိသည်။

(၁) အန္တရာယ်မှလည်း လွတ်မြောက်နိုင်သည်။

(၂) မိမိ လိုချင်သောဆန္ဒလည်း ပြည့်ဝနိုင်သည်။

## ဗုဒ္ဓဂုဏ်ဖြင့် သစ္စာဆိုပုံ (၃-ဂါထာ)

၁။ (က) ယံကိဉ္စိ ဝိတ္တံ **ဣဓ** ဝါ **ဟုရံ ဝါ** ၊
**သဂ္ဂေသု** ဝါ ယံ ရတနံ ပဏီတံ ။

(ခ) န နော သမံ အတ္ထိ တထာဂတေန၊

(ဂ) ဣဒမ္ပိ **ဗုဒ္ဓေ ရတနံ** ပဏီတံ၊
* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) လူ့ပြည်၊ နဂါး ဂဠုန် စသော ပြည်၊ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ရှိသမျှ ကောင်းမြတ်သောရတနာတို့တွင်

(ခ) မြတ်စွာဘုရားနှင့်တူသော ရတနာကား မရှိနိုင်သည်သာ။

(ဂ) **ဗုဒ္ဓရတနာ**သည် အမြတ်ဆုံး ရတနာဖြစ်သည်။
* ဤသစ္စာစကားကြောင့်– သတ္တဝါတွေ ချမ်းသာကြပါစေ။

---

၂။ (က) ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
**ဂိမှာန မာသေ** ပဌမသ္မိံ ဂိမှေ။

(ခ) တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။

(ဂ) ဣဒမ္ပိ **ဗုဒ္ဓေ ရတနံ** ပဏီတံ၊
* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) **နွေလများတွင်** နွေဦးအစဖြစ်သော တန်ခူးလ၌ ကောင်းစွာ ပွင့်သည့် ခက်ဖျားစုံရှိသော တောအုပ်သည် အသရေရှိလှဘိသကဲ့သို့–

(ခ) အနက် သဒ္ဒါ ဝေဆာစုံပေါ ထိုတောအုပ်ကြီးနှင့်တူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ် ပိဋကတ်ကို **နိဗ္ဗာနဓာတ် အမြတ်ဆုံး အကျိုးစီးပွားအလို့ငှာ** ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည်။

(ဂ) **မြတ်စွာဘုရား၌** ရတနာဟု သိနိုင်ကြောင်းဖြစ်သော ဤဂုဏ်ရည် သည် ထူးမြတ်လှပေသည်။

* ဤသစ္စာစကားကြောင့်- သတ္တဝါတွေ ချမ်းသာကြပါစေ။

---

**ဗဟုသုတ(မှတ်ရန်)**

**ဂိမှာန မာသေ** = နွေရာသီ ၄-လ
= တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို
= (တပေါင်းလပြည့်ကျော် ၁-ရက်မှ ဝါဆိုလပြည့်နေ့အထိ)

**ပဌမသ္မိံ ဂိမှေ** = နွေဦးအစဖြစ်သော တန်ခူးလ၌

**ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ** = ကောင်းစွာ ပွင့်သည့် ခက်ဖျားစုံရှိသော တောအုပ်သည် နှစ်သက်စရာကောင်းသကဲ့သို့၊

**တထူပမံ ဓမ္မဝရံ အဒေသယိ** = မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်သည်လည်း (ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ နိက္ခမ္မေ အာနိသံသကထာ)ဟု ပြီးပြည့်စုံပြီး၊

**နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ** = နိဗ္ဗာန်ရောက်ကြောင်း အမြတ်ဆုံး အကျိုးစီးပွားအလို့ငှာ ဟောကြားတော်မူခဲ့သည်။

---

၃။ (က) **ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊**
အနုတ္တရော ဓမ္မဝရံ အဒေသယိ။

(ခ) ဣဒမ္ပိ **ဗုဒ္ဓေ ရတနံ** ပဏီတံ၊
* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) ဝရော - နတ်လူအများ လိုလားတောင့်တအပ်သော ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသော၊

ဝရညူ - အမြတ်ဆုံး နိဗ္ဗာန်ကို သိတော်မူ၍၊

ဝရဒေါ - အမြတ်တရားကို ပေးသနားတော်မူတတ်သော၊

ဝရာဟရော- ရှေးဟောင်းကျင့်စဉ်လမ်းမြတ် (မဂ္ဂင် ၈-ပါး အကျင့်တရား)ကို ယူဆောင်တော်မူတတ်သော

အနုတ္တရော - အမြတ်ဆုံး ဘုရားမြတ်သည်

ဓမ္မဝရံ အဒေသယိ - တရားတော်မြတ် အရပ်ရပ်ကို ဟောကြားတော်မူလေသည်၊

(ခ) **မြတ်စွာဘုရား၌** ရတနာဟု သိနိုင်ကြောင်း ဤဂုဏ်တော်အပေါင်းသည်လည်း ထူးမြတ်လှပါပေသည်။

* ဤသစ္စာစကားကြောင့်- သတ္တဝါတွေ ချမ်းသာကြပါစေ။

---

**ဓမ္မဂုဏ်ဖြင့် သစ္စာဆိုပုံ (၂-ဂါထာ)**

၁။ (က) ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနိ သမာဟိတော။

(ခ) န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊

(ဂ) ဣဒမ္ပိ **ဓမ္မေ ရတနံ** ပဏီတံ။

* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) သမာဟိတော - အရိယမဂ်သမာဓိ ရှိတော်မူသော
သကျမုနိ - သာကီနွယ်ဖွား ဘုရားရှင်သည်-
(၁) ခယံ - ကိလေသာ ကုန်ရာ၊
(၂) ဝိရာဂံ - ရာဂ အတွယ်ပျောက်ရာ၊
(၃) အမတံ - သေခြင်း ကင်းရာ၊
(၄) ပဏီတံ - ကောင်းမြတ်လှစွာသော၊
ယဒဇ္ဈဂါ - အကြင်နိဗ္ဗာန်တရားကို သိမြင်ရပိုင်တော်မူခဲ့သည်။

(ခ) န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ထိုနိဗ္ဗာန်တရားနှင့် ဂုဏ်ရည်တူသော တရားဟူ၍ တစ်စုံတစ်ရာ မရှိတော့ပေ။

(ဂ) ဤ**နိဗ္ဗာန်တရားတော်၌** ရတနာဟု သိနိုင်ကြောင်း ဂုဏ်တော်အပေါင်းသည်လည်း ထူးမြတ်လှပေသည်။

* ဤသစ္စာစကားကြောင့်- သတ္တဝါတွေ ချမ်းသာကြပါစေ။

၂။ (က) ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊

(ခ) သမာဓိ မာနန္တရိကည မာဟု။

(ဂ) သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊

(ဃ) ဣဒမ္ပိ **ဓမ္မေ ရတနံ** ပဏီတံ။

* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) ဗုဒ္ဓရှင်တော်မြတ်သည် ကိလေသာကင်း အလွန် သန့်ရှင်းဖြူစင်သော **အရိယာမဂ်သမာဓိ**ကို အနည်းနည်း ထုတ်ဖော် ချီးကျူးတော်မူခဲ့သည်။

(ခ) ယင်းအရိယာမဂ်သမာဓိကိုပင် မိမိ၏ အခြားမဲ့၌ ဖိုလ်ဟူသော အကျိုးကို ပေးတတ်သည့် **အာနန္တရိကသမာဓိ**ဟူ၍လည်း ဘုရားရှင်များ မိန့်ကြားတော်မူခဲ့သည်။

(ဂ) ထိုအရိယာမဂ်သမာဓိနှင့် **တူညီသော သမာဓိကား မရှိပေ။**

(ဃ) **အရိယာမဂ်တရားတော်၌** ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပေသည်။

* ဤသစ္စာစကားကြောင့်– သတ္တဝါတွေ ချမ်းသာကြပါစေ။

---

## သံဃာ့ဂုဏ်ဖြင့် သစ္စာဆိုပုံ (၈-ဂါထာ)

၁။ (က) ယေ ပုဂ္ဂလာ အဋ္ဌ **သတံ ပသတ္ထာ**၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။

(ခ) တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊

(ဂ) ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။

(ဃ) ဣဒမ္ပိ **သံဃေ ရတနံ** ပဏီတံ၊

* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) **ဘုရား-အစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော**
အရိယာပုဂ္ဂိုလ်များကား- ရှစ်ပါးဖြစ်ရာ၊
ထိုအရိယာများကား- အစုံအားဖြင့် ၄-စုံဖြစ်၏။

(ခ) မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်ကြသော
ထိုအရိယာတို့ကား - အလှူကောင်း၊ အလှူမှန်ကို ခံတော်မူထိုက်သော ပုဂ္ဂိုလ်များပင်တည်း။ (ဒက္ခိဏေယျ)

(ဂ) ထိုအရိယာတို့၌ - လှူအပ်သမျှ အလှူဒါနတို့ကား အကျိုးကြီးမားလှပေသည်။ (ဒိန္နာနိ မဟပ္ဖလာနိ)

(ဃ) **အရိယာသံဃာတော်၌** ရတနာ၏အဖြစ် နှစ်သက်ဖွယ် ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်။

* ဤသစ္စာစကားကြောင့်- သတ္တဝါတွေ ချမ်းသာပါစေ။

## (သတံ ပသတ္ထာ) သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာများ

| ဝိပဿနာကျင့်စဉ် (ကျင့်) | ပုဂ္ဂိုလ်အားဖြင့် = ၈-ယောက် | | အစုံအားဖြင့် (၄-စုံ) |
|---|---|---|---|
| | မဂ်စိတ်ဖြစ် **(မဂ်ပုဂ္ဂိုလ်)**ကျင့်ဆဲ | ဖိုလ်စိတ်ဖြစ် **(ဖိုလ်ပုဂ္ဂိုလ်)** | |
| တိဟိတ်ပုထုဇဉ် → | သောတာပတ္တိမဂ် | သောတာပတ္တိဖိုလ် | = သောတာပန် |
| သောတာပန် → | သကဒါဂါမိမဂ် | သကဒါဂါမိဖိုလ် | = သကဒါဂါမ် |
| သကဒါဂါမ် → | အနာဂါမိမဂ် | အနာဂါမိဖိုလ် | = အနာဂါမ် |
| အနာဂါမ် → | အရဟတ္တမဂ် | အရဟတ္တဖိုလ် | = ရဟန္တာ |

ကျင့်မှုကိစ္စ အားလုံးပြီးသော အရိယာပုဂ္ဂိုလ်= ရဟန္တာပုဂ္ဂိုလ်
(အရဟတ္တဖိုလ်ပုဂ္ဂိုလ်)

သို့ဖြစ်၍-

ကျင့်ဆဲ(ပဋိပန္န)အရိယာပုဂ္ဂိုလ် = ကြွင်း အရိယာပုဂ္ဂိုလ် ၇-ယောက် (မဂ်ပုဂ္ဂိုလ်-၄ + အောက်ဖိုလ်-၃)

* အလျော်အားဖြင့် (ပဋိပန္န)ပုဂ္ဂိုလ် = ဝိပဿနာဉာဏ်ရှိ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်

❖ ❖ ❖ ❖ ❖

**သူတော်ကောင်းများ ချီးမွမ်းထိုက်ပုံ**

(၁) **သောတာပန်** = ပုထုဇဥ်များထက် သီလ၊ သမာဓိ၊ ပညာအားဖြင့် အလွန် အဆင့်မြင့်သော အရည်အချင်းရှိ၍-

(၂) **သကဒါဂါမ်** = သောတာပန်ထက် လောဘ-စသည်ဖြစ်သော အကြိမ်လည်း နည်း၊ ဖြစ်သော အရှိန်လည်း လျော့သွား၍-

(၃) **အနာဂါမ်** = ကာမဂုဏ်အာရုံများကို ခံစားလိုသော တဏှာ(ကာမရာဂ) နှင့် အလိုမကျ မုန်းတီးမှု ဒေါသ(ဗျာပါဒ)တို့ကို အကြွင်းမဲ့ ဖယ်ရှားပြီးဖြစ်၍-

(၄) **ရဟန္တာ** = အရိယာပုဂ္ဂိုလ်တို့တွင် အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်၍- ကိလေသာ အာသဝေါများ လုံးဝကင်းစင်ပြီး အလွန် ဖြူစင်သောကြောင့်-

**ချီးမွမ်းထိုက်သော မြတ်စွာဘုရား၏ တပည့်သား အရိယာသံဃာတော်များ၏ ဂုဏ်ရည်**

(၁) **ဒက္ခိဏေယျ** = ကံ၊ ကံ၏ အကျိုးကို ယုံကြည်ပြီး လှူဒါန်းသော မြတ်သော အလှူဒါနကို ခံယူထိုက်သော ပုဂ္ဂိုလ်၊

(၂) **ဒိန္နဒါနံ မဟပ္ဖလာနိ** = လှူအပ်သမျှ အလှူဒါနတို့ကား ကြီးစွာသော အကျိုးများကို ရရှိစေနိုင်သည်။

၂။ (က) **ယေ** သုပ္ပယုတ္တာ **မနသာ ဒဠှေန**၊
နိက္ကာမိနော ဂေါတမသာသနမှိ။

(ခ) **တေ ပတ္တိပတ္တာ အမတံ** ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။

(ဂ) ဣဒမ္ပိ **သံဃေ ရတနံ** ပဏီတံ၊
* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) **မြဲမြံတည်တံ့သော သမာဓိ**ဖြင့် လွန်စွာအားထုတ်ကြကုန်၍ ဂေါတမမြတ်စွာ သာသနာတော်၌ ကိလေသာတို့မှ လွတ်ထွက်ကြသော **ရဟန္တာအရှင်မြတ်**တို့သည်

(ခ) **နိဗ္ဗာနဓာတ်သို့ အာရုံယူလျက် သက်ရောက်ကြပြီးသော်**

မုဓာ - ပစ္စည်းအနည်းငယ်မျှ မကုန်ကျရဘဲ၊

လဒ္ဓါ - အလွယ်တကူ ရရှိ၍၊

နိဗ္ဗုတိံ - ဖလသမာပတ် အငြိမ်းဓာတ် အရသာကို၊

ဘုဉ္ဇမာနာ - ခံစားကြလျက် **အရဟတ္တဖိုလ် ဝင်စားတော်မူကြ၏**။

(ဂ) **ရဟန္တာသံဃာတော်**၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်။

* ဤသစ္စာစကားကြောင့်- သတ္တဝါတွေ ချမ်းသာပါစေ။

၃။ (က) ယထိန္ဒခီလော ပထဝိသိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။

(ခ) တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ **အဝေစ္စ** ပဿတိ။

(ဂ) ဣဒမ္ပိ **သံဃေ ရတနံ** ပဏီတံ၊
* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) မြေကြီးထဲ၌ ဝင်မှီတည်နေသော တံခါးတိုင်ကြီးသည် အရပ်လေး မျက်နှာမှ လေပြင်းမုန်တိုင်းများ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်သကဲ့သို့-

(ခ) **မဂ်ဉာဏ်**ဖြင့် အရိယသစ္စာတို့ကို သိမြင်၍ ယုံကြည်မှု သဒ္ဓါတရား ခိုင်မြဲသော သောတာပန်ပုဂ္ဂိုလ်မြတ်ကို ထိုတံခါးတိုင်ကြီးနှင့်တူသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူ၏။

(ဂ) **သောတာပန်သံဃာတော်**၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေ၏၊

* ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း။

၄။ (က) ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
**ဂမ္ဘီရပညေန** သုဒေသိတာနိ။
(ခ) ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
(ဂ) ဣဒမ္ပိ **သံဃေ ရတနံ** ပဏီတံ၊
* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) **နက်နဲသော ဉာဏ်တော်ရှင် သဗ္ဗညုတ မြတ်စွာဘုရား** အကောင်းဆုံး ဟောကြားတော်မူအပ်သော အရိယသစ္စာတို့ကို မဂ်ဉာဏ်ရရှိ ထင်ရှားသိတော်မူသော သတ္တက္ခတ္တုပရမသောတာပန် ပုဂ္ဂိုလ်တို့သည်–

(ခ) စည်းစိမ်ယစ်၍ အလွန်အကဲ မေ့လျော့ကြစေကာမူ–
ရှစ်ကြိမ်မြောက်ဘဝကို ယူရိုး မရှိတော့ပေ။

(ဂ) **သောတာပန်သံဃာ**၏ ရတနာဟု သိနိုင်ဖွယ် ဤဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေ၏။

* ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာပါစေသတည်း။

---

**သောတာပန် ၃-မျိုး**

(၁) **ဧကဗီဇီ** သောတာပန် = **တစ်ဘဝ** ပဋိသန္ဓေနေပြီးလျှင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံမည့် ပုဂ္ဂိုလ်။

(၂) **ကောလံကောလ** သောတာပန် = **၂-ဘဝမှ ၆-ဘဝအထိ** ပဋိသန္ဓေနေပြီးနောက် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံမည့် ပုဂ္ဂိုလ်။

(၃) **သတ္တက္ခတ္တု ပရမ** သောတာပန် = **အလွန်ဆုံး ၇-ဘဝအထိ** ပဋိသန္ဓေနေပြီးနောက် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံမည့် ပုဂ္ဂိုလ်။

၅။ (က) သဟာဝဿ ဒဿန သမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါ ပိ ယဒတ္ထိ ကိဉ္စိ။

၆။ (ခ) စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
(ဂ) ဆစ္စာဘိဋ္ဌာနာနိ အဘဗ္ဗ ကာတုံ။
(ဃ) ဣဒမ္ပိ **သံဃေ ရတနံ** ပဏီတံ၊
* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) သောတာပန်ပုဂ္ဂိုလ်မြတ်သည် သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံသည်နှင့် တစ်ပြိုင်နက်–
သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ တရားသုံးပါးနှင့် အချို့ကိလေသာများကို ပယ်ရှားအပ်ပြီး ဖြစ်သည်။

(ခ) ထိုသောတာပန်ပုဂ္ဂိုလ်မြတ်သည် အပါယ်လေးဘုံတို့မှလည်း လွတ်မြောက်ရပေပြီ။

(ဂ) အဘိဌာန ခြောက်ပါး ရှုန့်ရင်းသော အကြောင်းစုံ အမှုအပြစ်တို့ကိုလည်း ပြုခြင်းငှာ မထိုက်တော့ပေ။

(ဃ) **သောတာပန်သံဃာ**ဒို ရတနာ၏အဖြစ် ဤနှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်၊

* ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

❖ ❖ ❖ ❖ ❖

(၁) သက္ကာယဒိဋ္ဌိ = တကယ်ရှိသော ခန္ဓာငါးပါးအပေါ်၌ ငါ၊ ငါ့ဥစ္စာ (အတ္တ၊ အတ္တနိယ)ဟု မှားယွင်းစွာ ယူဆမှုအမြင်။

(၂) ဝိစိကိစ္ဆာ = ရတနာ ၃-ပါး၊ အကျင့်သိက္ခာ-စသည်၌ ယုံမှား သံသယဖြစ်မှု။

(၃) သီလဗ္ဗတ = နွား၊ ခွေးတို့၏ အလေ့၊ အကျင့်တို့သည် သံသရာဝဋ်မှ လွတ်မြောက်နိုင်သည်ဟု မှားယွင်းစွာ သုံးသပ် ယူဆမှု။

**ဆစ္စာဘိဌာန (ဆစ္စ+အဘိဌာန)**

(အဘိဌာန ခေါ် ရှန့်ရင်းသော အကြောင်းစုံ အမှုအဖြစ် ၆-ပါး)

**ပထမ ၆-ဌာန (သောတာပန်ပုဂ္ဂိုလ်တို့ မပြုထိုက်သော အဘိဌာန ၆-ပါး)**

(၁) မြတ်စွာဘုရား၊ ရုပ်ပွားဆင်းတု၊ စေတီတို့အပေါ်၌ မရိုမသေ၊ မလေးစား သောအပြုအမူများ ပြုခြင်းငှါမထိုက်၊

(၂) တရားတော်၌ မရိုမသေပြုခြင်းငှါမထိုက်၊

(၃) သံဃာတော်တို့၌ မရိုမသေပြုခြင်းငှါမထိုက်၊

(၄) ကိုယ်ကျင့်တရားကို မလေးမစားပြုခြင်းငှါမထိုက်၊

(၅) လူတော်လူကောင်းများ မကျူးလွန်ထိုက်သော အရာမျိုး (ကံ ၅-ပါး၊ ဒိဋ္ဌိ ၆၂-ပါး) ကျူးလွန်းခြင်းငှါမထိုက်၊

(၆) ရှစ်ခုမြောက်ဘဝမှာ ပဋိသန္ဓေ မဖြစ်နိုင်ခြင်း။

**တတိယ ၆-ဌာန (ပဉ္စာနန္တရိယကံ ၅-ပါး + အညသတ္ထာရုဒ္ဒေသ ၁-ပါး)**

(၁) အမိကို သတ်မှု ကျူးလွန်သည်မှာ မဖြစ်နိုင်ခြင်း။

(၂) အဖကို သတ်မှု ကျူးလွန်သည်မှာ မဖြစ်နိုင်ခြင်း။

(၃) ရဟန္တာကို သတ်မှု ကျူးလွန်သည်မှာ မဖြစ်နိုင်ခြင်း။

(၄) ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုမှု ကျူးလွန်သည်မှာ မဖြစ်နိုင်ခြင်း။

(၅) သံဃာသင်းကွဲအောင် ပြုမှု ကျူးလွန်သည်မှာ မဖြစ်နိုင်ခြင်း။

(၆) ဘုရားရှင်မှတစ်ပါး အခြားတစ်ပါးတို့ကို ကိုးကွယ်မှု မဖြစ်နိုင်ခြင်း။

❖ ❖ ❖ ❖ ❖

၇။ (က) ကိဉ္စာပိ သော ကမ္မကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊

(ခ) အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။

(ဂ) ဣဒမ္ပိ **သံဃေ ရတနံ** ပဏီတံ၊
* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) သောတာပန်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ မကောင်းသော ပြစ်မှုကို ကျူးလွန်မိစေကာမူ–
ထိုသောတာပန်မှာ ထိုပြုမိသော ပြစ်မှုကို ကွယ်ကာ ဖုံးဖိက်သူ မဖြစ်နိုင်ပေ။

(ခ) မင်္ဂဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပြီးသော အရိယာသောတာပန်၏ မိမိပြုသော ပြစ်မှုကို မဖုံးကွယ်ထိုက်သူဖြစ်ကြောင်းကို ရှင်တော်ဘုရား ဟောကြားတော်မူအပ်၏။

(ဂ) **သောတာပန်သံဃာ**၌ ဤရတနာဟု သိနိုင်ကြောင်း ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်။

* ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

၈။ (က) ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။

(ခ) တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ၊

(ဂ) နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။

(ဃ) ဣဒမ္ပိ **သံဃေ ရတနံ** ပဏီတံ၊
* ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(က) **ရဟန္တာအရှင်မြတ်တို့အား-**
ရှေးအတိတ်ကံဟောင်းများလည်း ကုန်ခဲ့ပြီး၊
ကံအသစ်လည်း ဖြစ်ပေါ်ခြင်း မရှိတော့ပေ။
နောင်ဖြစ်ရမည့် ဘဝသစ်၌ တွယ်တာသော စိတ်လည်း ကင်းတော်မူကြ၏။

(ခ) **ထိုရဟန္တာအရှင်မြတ်တို့သည်-**
ပဋိသန္ဓေမျိုးစေ့လည်း ကုန်ခဲ့ပြီ၊
ဘဝသစ်ဆက်ဖြစ် စည်ကားရေးဝယ် တွယ်တာသော ဆန္ဒလည်း မရှိကြ။

(ဂ) **ထိုရဟန္တာပညာရှင်တို့သည်-**
ဤဆီမီး ငြိမ်းသွားသကဲ့သို့ ဝဋ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြသည်။

(ဃ) **ရဟန္တာသံဃာတော်**၌ ဤရတနာ၏အဖြစ် နှစ်သက်ဖွယ် ဂုဏ်ရည်သည်လည်း ထူးမြတ်လှပါပေသည်။

* ဤသစ္စာစကားကြောင့် သတ္တဝါတွေ ချမ်းသာကြပါစေ။

## ဗဟုသုတ(မှတ်ရန်)

၁။ ဘုရားရှင်၏ အမိဋ္ဌာန်ချက်ကြောင့် ကွြင်းကျန်သော အရိုးဓာတ်တော်များ (ဓာတုစေတီ) **(ဓာတု- အရိုး) ပမာဏ အရွယ်အစား၊**

(၁) အကြီးဆုံး = ပဲနောက်စေ့ခြမ်း

(၂) အလတ်စား = ဆန်စေ့ ထက်ဝက်ပိုင်း

(၃) အငယ်ဆုံး = မုန်ညှင်းစေ့

၂။ မှားယွင်း မှတ်သားချက် = ဘုရားရှင်၏ အရိုး = ကွင်းဆက် ✔

ရဟန္တာ၏ အရိုး = ချိတ်ဆက် ✘

အမှန် မှတ်ရန် = မဟာပရိနိဗ္ဗာနသုတ်၊ နာဂါပလောကိတအခန်း

ဘုရားရှင်- ဝေသာလီပြည်မှ နောက်ဆုံး ထွက်ခွာသောအခါ-

(၁) ဝေသာလီပြည်ကို ပြန်ကြည့်သောအခါ သာမန်လူများကဲ့သို့- လည်ပင်း(ဇက်)လှည့်ပြီး ကြည့်၍ မရ။

(၂) ဆင်ကြီးများ နောက်လှည့်ကြည့်သကဲ့သို့- တစ်ကိုယ်လုံး နောက်ပြန်ပြီး လှည့်ကြည့်ရသည်။
( ∵ဘုရားရှင်၏ အရိုးဆက်များသည် = သံကွင်းများ ဆက်သကဲ့သို့ ကွင်းဆက်များ ဖြစ်၍)

သာမန်လူ၏ အရိုး = တော့ဆက်

ပစ္စေကဗုဒ္ဓါ၏ အရိုး = ချိတ်ဆက်

ဘုရားရှင်၏ အရိုး = ကွင်းဆက်

သို့ဖြစ်၍-

ရဟန္တာဖြစ်ရခြင်း - ပဋိသန္ဓေနေစဉ်ကပင် (အလောဘ၊ အဒေါသ၊ အမောဟ-ဟိတ် ၃-ပါးပါလာသည့်) ထူးခြားသည့် အသိဉာဏ်ရှိသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်များသည် ရဟန္တာဖြစ်နိုင်သော အရည်အသွေးများ ရှိကြသည်။

- ရဟန္တာပုဂ္ဂိုလ်၏ အရိုးကို ဓာတ်မှန်ရိုက်ကြည့်လျှင်- တော့ဆက်သာ ဖြစ်မည်။
- မီးသင်္ဂြိုဟ်လိုက်လျှင် ဘယ်သူမဆို အရိုးများ ကျန်နိုင်။ ၎င်းအရိုးများ- တော့ဆက်သာ ဖြစ်မည်။ (ပစ္စေကဗုဒ္ဓါ၊ ဘုရားရှင် မဟုတ်၍)
- မီးသင်္ဂြိုဟ်တိုင်းလည်း ဓာတ်တော်ကျချင်မှ ကျမည်၊ အဓိဋ္ဌာန်ချက်ထားခဲ့လျှင်သာ ဓာတ်တော်ကျနိုင်သည်။
- ဓာတ်တော်ကျ၍ ရဟန္တာဖြစ်သည် မဟုတ်။
- ဓာတု- အရိုးဓာတ်တော်သည် ရဟန္တာ၏ သက်သေခံပစ္စည်း မဟုတ်။
- သို့ဖြစ်၍-

  ဓာတ်တော်ကျမှ ရဟန္တာဟု ထင်၍၊ တကယ့်ရဟန္တာမှ ဓာတ်တော်မကျခဲ့သော် ပြစ်မှားနေမိတတ်သည်။
- ပုဂ္ဂိုလ်တစ်ဦးကို ရဟန္တာဟု သိရန် မလွယ်ကူပါ၊ မျက်စိဖြင့် မြင်ရုံဖြင့် ရဟန္တာဟု မသိနိုင်၊ ပရစိတ္တဝိဇာနနဉာဏ်ကို ရမှ သိနိုင်သည်။
- ရဟန္တာပုဂ္ဂိုဟ်ဟူသည် သိရခက်သည့်အတွက် ဓာတ်တော်ကျ/မကျနှင့် တိုင်းတာ၍ မပြစ်မှားမိပါစေနှင့်။
- ရဟန္တာပုဂ္ဂိုလ်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ကိုသာ ကြည်ညို ကိုးကွယ်သင့်သည်။

## ရတနသုတ်လာ ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ရည်

(၁) **ခီဏံ ပုရာဏံ** - ရှေးအတိတ်ကံဟောင်းများလည်း ကုန်ခဲ့ပြီ။
(အဝိဇ္ဇာ-ဟူသော ကိလေသာ ကုန်သွား၊
သင်္ခါရ-ဟူသော ကံတရားများ အကျိုးပေး၍မရတော့။)
- ဘဝတစ်ခု တည်ဆောက်ပေးနိုင်သော ကံများ မရှိတော့သော်လည်း အတိတ်က ပြုခဲ့သော အကုသိုလ်ကံ၏ အကျိုး(အကုသလဝိပါက်) ဝဋ်ကြွေးများကတော့ မျက်မှောက်ခန္ဓာရှိနေသမျှ ကာလပတ်လုံး ရှိနေမည်ဖြစ်သည်။
- သို့ဖြစ်၍-
ကိလေသာကို ဖယ်ရှားလိုက်သည်၏ တစ်ပြိုင်နက် ရှေးအတိတ်ကံတရားများသည် ဘဝတစ်ခုကို ထုတ်လုပ်နိုင်စွမ်း မရှိတော့။
ဤသို့ ဘဝကို ထုတ်လုပ်နိုင်စွမ်း ရှိသော ကံများ မရှိတော့သည်ကို ရည်ရွယ်ပြီး အတိတ်ကံများ ကုန်သွားပြီဟု ဆိုခြင်းဖြစ်သည်။

(၂) **နဝ နတ္ထိသမ္ဘဝံ** - ကံအသစ်လည်း ဖြစ်ပေါ်နိုင်ခြင်း မရှိတော့။

[အဝိဇ္ဇာ၊ တဏှာဟူသော ကိလေသာများ ဖယ်ရှားထားပြီးဖြစ်သောကြောင့် ကောင်းမှုများပြုလုပ်နေသော်လည်း "နောက်နောင်ဘဝများတွင် ကောင်းကျိုးချမ်းသာများ ပေးနိုင်စွမ်း မရှိတော့။ ယခုဘဝ၌မူ ပေးနိုင်စွမ်းရှိ။"
ဥပမာ- အဖူး၊ အပွင့် ဝေဆာနေသော သစ်ပင်ကြီးကို ရေသောက်မြစ် ဖြတ်လိုက်သောအခါ အဖူး၊ အပွင့်များက အသီး မသီးနိုင်တော့သကဲ့သို့ ဖြစ်သည်။
∴ ရဟန္တာပုဂ္ဂိုလ်များသည် အမြစ်ပြတ်သွားသော သစ်ပင်၏ အပွင့်နှင့် တူသည်။]

(၃) **ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ** – နောင်ဘဝကို လိုချင်သော တွယ်တာသော တဏှာလည်း လုံးဝ မရှိတော့။

(၄) **တေ ခီဏဗီဇာ အဝိရုဠ္ဟိဆန္ဒာ**

(၁) **ခီဏဗီဇာ** - ဘဝပဋိသန္ဓေဝိညာဏ် မျိုးစေ့လည်း ကုန်ခဲ့ပြီ။

[အင်္ဂုတ္တရနိကာယ်၊ ဘဝသုတ္တန်မှာ–
“ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သ္နေဟော”၊
“ကံတည်းဟူသော မြေလွှာ၌၊ ကံတရားကြောင့် ဖြစ်လာသော ပဋိသန္ဓေဝိညာဏ် စိတ်ဟူသော မျိုးစေ့လေးမှ အပင်ပေါက်ဖို့ရန်အတွက်၊ တွယ်တာမှု တဏှာရာဂ ရေလောင်းမှ ဘဝဟူသော အပင်ပေါက်လာနိုင်သည်။”

**ဝိညာဏ်** ဟူသော မျိုးစေ့လေး အပင်ပေါက်ရန်
**ကံ** ဟူသော မြေလွှာနှင့်
**တဏှာ(ကိလေသာ)** ဟူသော ရေ ရှိရမည်။
***ကံ**နှင့် **ကိလေသာ** နှစ်ခုပေါင်းပြီး **ဘဝ(ပဋိသန္ဓေဝိညာဏ်)**ကို ထုတ်လုပ်သည်။]

(၂) **အဝိရုဠ္ဟိဆန္ဒာ** - ဘဝသစ် ဆက်ဖြစ် စည်ကားရေးဝယ် တွယ်တာသော ဆန္ဒလည်း မရှိ။

(၃) **နိဗ္ဗန္တိ ဓီရာ** - ဆီမီးငြိမ်းသွားသကဲ့သို့ ဝဋ္ဋဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြ၏။

[မှတ်ချက် ။ ။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်(Level -2) မှ –
**ရဟန္တာဂုဏ်ရည် ၇–ချက်** ပြန်လေ့လာပါ။]

## သိကြားမင်း ရွတ်သော ဂါထာ(၃-ပုဒ်)

ရတနသုတ်တော်ကို ၇-ရက်တိုင်တိုင် ဘုရားရှင် ဟောတော်မူစဉ် လာရောက်နာကြားသော လူ၊ နတ်၊ ဗြဟ္မာပရိသတ်ထဲ၌ သိကြားမင်းကြီး ကိုယ်တိုင် ပါဝင်သည်။

ဘုရားရှင် ဟောကြားတော်မူသော ရတနသုတ်တော်အဆုံးတွင်- ဘုရား၊ တရား၊ သံဃာရတနာမြတ် ၃-ပါး၏ ဂုဏ်တော်များကို ရည်မှန်း၍ ဂါထာ ၃-ပုဒ်ဖြင့် ရှိခိုး ပူဇော်သည်။

"ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
**ဗုဒ္ဓံ နမဿာမ** သုဝတ္ထိ ဟောတု။
**ဓမ္မံ နမဿာမ** သုဝတ္ထိ ဟောတု။
**သံဃံ နမဿာမ** သုဝတ္ထိ ဟောတု။"

❖ ❖ ❖ ❖ ❖

# ရတနသုတ်(အနှစ်ချုပ်)နိဂုံး ဆရာတော်ကြီးဩဝါဒ

ရတနသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြမည်ဆိုလျှင်-

(၁) ဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို ရှေးဦးစွာ အာရုံပြုပြီးနောက်၊

(၂) ဘုရား၊ တရား၊ သံဃာ့ဂုဏ်များကို ရွတ်ဆိုပြီး၊

(၃) မိမိတို့မှာ ကျရောက်နေသော အခက်အခဲ၊ ဘေးရန်အန္တရာယ်များမှ အမှန်တကယ် လွတ်မြောက်နိုင်သည်ဟု ယုံယုံကြည်ကြည်နှင့် သစ္စာဆိုကြပါ။

(၄) သစ္စာဆိုကြသော ဂုဏ်တော်များတွင်-
လိုက်နာကျင့်သုံးရမည့် အချက်များမှာ-

(က) သံသရာမှ လွတ်ချင်လျှင်- ကံဟောင်းများ ကုန်ဖို့ လိုသည်။

(ခ) ကံသစ်များလည်း မိမိသန္တာန်မှာ မဖြစ်ဖို့ လိုသည်။

(ဂ) ဘဝကြီးကို တွယ်တာသော တဏှာများ ကင်းပြတ်သွားအောင် လုပ်ဖို့ လိုသည်။

(ဃ) သို့မှသာ နိဗ္ဗာန်ဟူသော အငြိမ်းဓာတ်ကို ရကြမည်ဖြစ်သည်။